ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၁ ) ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်

**မာတိကာစဉ်**


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၂-၄ |
| ၂။ | တရားခံမဖော်ထုတ်နိုင်သောမှုခင်းများ( Unsolved Cases)ကို မျိုးရိုးဗီဇဆိုင်ရာ ဆေးပညာ (DNA - Deoxyribonucleic Acid) ဖြင့် စုံစမ်းဖော်ထုတ်ခြင်း။ | ၅-၇ |
| ၃။ | အမေရိကန်နိုင်ငံတွင် ဖက်ဒရယ်တရားသူကြီးက ဖြည့်စွက်အာဟာရအကူအညီ အစီအစဉ် အကျိုးခံစားခွင့်များရပ်ဆိုင်းခြင်းကိုပိတ်ပင်ပြီး အရန် ရန်ပုံငွေများကို အသုံးပြုရန် အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနအပေါ် အမိန့်ချမှတ်ခြင်း။ | ၈-၉ |
| ၄။ | တရားမဝင်လက်နက်ကိုင်ဆောင်မှုများကြောင့် ကမ္ဘာတစ်ဝှမ်းတွင် မလုံခြုံမှုများ ပိုမိုဆိုးရွားလာနေခြင်းနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအရာရှိများက သတိပေးချက် ထုတ်ပြန်ခြင်း။ | ၁၀-၁၁ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၁ ) ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်

# မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကိုပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) ၌ အရေးပေါ်အခြေအနေဆက်လက်ကြေညာသည့်ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်၊ စစ်အုပ်ချုပ်ရေးအမိန့်ဆက်လက်ထုတ်ပြန်သည့်ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်၊ ကရင်ပြည်နယ်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ၊ မကွေးတိုင်းဒေသကြီး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ၊ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ၊ မန္တလေးတိုင်းဒေသကြီး၏၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ၊ ရှမ်းပြည်နယ်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကိုပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှု ပေးထားပါသည်။

စက်မှုဝန်ကြီးဌာနက ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၂၅ ဖြင့်ထုတ်ပြန်ခဲ့သော ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကိုပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

ဤပြင်ဆင်သည့်လုပ်ထုံးလုပ်နည်းများတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၃ ကို အစားထိုးပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး ညွှန်ကြားရေးမှူးချုပ်က မှတ်ပုံတင်ရန် ခွင့်ပြုသော ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို ဦးစီးဌာနသည် ကုန်ထုတ်လုပ်မှုတန်ဖိုး၊ မြင်းကောင်ရေ အသုံးပြုမှု၊ မတည်ရင်းနှီးငွေပမာဏနှင့် လုပ်ခစားအလုပ်သမားစသည့် သတ်မှတ်ချက်လေးမျိုးအပေါ်

မှုတည်၍ လုပ်ငန်းအရွယ်အစားသတ်မှတ်ပြီး မှတ်ပုံတင်ပေးရမည်ဖြစ်ကြောင်း ပြင်ဆင်ထုတ်ပြန်ထားပါသည်။

ကုန်ထုတ်လုပ်မှုတန်ဖိုးတွင် တစ်နှစ်လျှင် ကျပ်သန်း ၂၅၀ ထက်ကျော်လွန်ပြီး ကျပ်သန်း ၁၂၅၀ အထိ ရှိလျှင်လည်းကောင်း၊ မြင်းကောင်ရေအသုံးပြုမှုတွင် မြင်းကောင်ရေ ၅ ကောင်အား ထက်ကျော်လွန်ပြီး မြင်းကောင်ရေ ၂၅ ကောင်အားအထိ အသုံးပြုလျှင်လည်းကောင်း၊ မတည်ရင်းနှီးငွေ ပမာဏတွင် ကျပ်သန်း ၁၀၀ ထက်ကျော်လွန်ပြီး ကျပ်သန်း ၅၀၀ အထိ ရှိလျှင်လည်းကောင်း၊ လုပ်ခစားအလုပ်သမား ၁၀ ဦးနှင့်အထက် ကျော်လွန်ပြီး ၅၀ ဦးအထိ ရှိလျှင်လည်းကောင်း အငယ်စားပုဂ္ဂလိကစက်မှုလုပ်ငန်းအဖြစ်သတ်မှတ်၍ မှတ်ပုံတင်ပေးရမည်ဖြစ်ကြောင်း ပြင်ဆင်ထုတ်ပြန်ထားပါသည်။

ကုန်ထုတ်လုပ်မှုတန်ဖိုးတွင် တစ်နှစ်လျှင် ကျပ်သန်း ၁၂၅၀ ထက်ကျော်လွန်ပြီး ကျပ်သန်း ၂၀၀၀ အထိ ရှိလျှင်လည်းကောင်း၊ မြင်းကောင်ရေအသုံးပြုမှုတွင် မြင်းကောင်ရေ ၂၅ ကောင်အား ထက်ကျော်လွန်ပြီး မြင်းကောင်ရေ ၅၀ ကောင်အားအထိ အသုံးပြုလျှင်လည်းကောင်း၊ မတည်ရင်းနှီးငွေ ပမာဏတွင် ကျပ်သန်း ၅၀၀ ထက်ကျော်လွန်ပြီး ကျပ်သန်း ၁၀၀၀ အထိ ရှိလျှင်လည်းကောင်း၊ လုပ်ခစားအလုပ်သမား ၅၀ ဦးအထက် ကျော်လွန်ပြီး ၃၀၀ ဦးအထိ ရှိလျှင်လည်းကောင်း အလတ်စား ပုဂ္ဂလိကစက်မှုလုပ်ငန်းအဖြစ်သတ်မှတ်၍ မှတ်ပုံတင်ရမည်ဖြစ်ကြောင်း ပြင်ဆင်ထုတ်ပြန်ထား ပါသည်။

ကုန်ထုတ်လုပ်မှုတန်ဖိုးတွင် တစ်နှစ်လျှင် ကျပ်သန်း ၂၀၀၀အထက် ရှိလျှင်လည်းကောင်း၊ မြင်းကောင်ရေအသုံးပြုမှုတွင် မြင်းကောင်ရေ ၅၀ ကောင်အားအထက် အသုံးပြုလျှင်လည်းကောင်း၊ မတည်ရင်းနှီးငွေ ပမာဏတွင် ကျပ်သန်း ၁၀၀၀ အထက် ရှိလျှင်လည်းကောင်း၊ လုပ်ခစားအလုပ်သမား ၃၀၀ ဦးအထက် ရှိလျှင်လည်းကောင်း အကြီးစားပုဂ္ဂလိကစက်မှုလုပ်ငန်းအဖြစ်သတ်မှတ်၍ မှတ်ပုံတင်ရမည်ဖြစ်ကြောင်း ပြင်ဆင်ထုတ်ပြန်ထားပါသည်။

ပုဂ္ဂလိကစက်မှုလုပ်ငန်းများအား အရွယ်အစားခွဲခြားသတ်မှတ်ရာတွင် သတ်မှတ်ချက်လေးမျိုးအနက်မှ ကုန်ထုတ်လုပ်မှုတန်ဖိုးနှင့် မြင်းကောင်ရေအသုံးပြုမှုတို့ကို ပထမဦးစားပေးအနေဖြင့် စိစစ်ပြီး အကြီးစားပုဂ္ဂလိကစက်မှုလုပ်ငန်း၊ အလတ်စားပုဂ္ဂလိကစက်မှုလုပ်ငန်း၊ အငယ်စားပုဂ္ဂလိကစက်မှုလုပ်ငန်းအဖြစ် အရွယ်အစားသတ်မှတ်ခြင်းကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းလည်း မှတ်ချက်ပြု၍ ပြင်ဆင်ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။

ဤပြင်ဆင်သည့်လုပ်ထုံးလုပ်နည်းအရ ပုဂ္ဂလိကစက်မှုလုပ်ငန်းများအား အရွယ်အစားခွဲခြားသတ်မှတ်၍ မှတ်ပုံတင်ပေးရာတွင် ကုန်ထုတ်လုပ်မှုတန်ဖိုး၊ မတည်ရင်းနှီးငွေပမာဏ၊ လုပ်ခစားအလုပ်သမားဦးရေတို့ကို တိုးမြှင့်သတ်မှတ်လိုက်ကြောင်းနှင့် ယင်းသို့ခွဲခြားသတ်မှတ်ရာတွင် ကုန်ထုတ်လုပ်မှုတန်ဖိုးနှင့် မြင်းကောင်ရေအသုံးပြုမှုတို့ကို ပထမဦးစားပေးအနေဖြင့် စိစစ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့်လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ အသေးစိတ်လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၃ ) အမှတ် ( ၃၁ ) ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်

## တရားခံ မဖော်ထုတ်နိုင်သောမှုခင်းများ ( Unsolved Cases) ကို မျိုးရိုးဗီဇဆိုင်ရာဆေးပညာ (DNA - Deoxyribonucleic Acid) ဖြင့် စုံစမ်းဖော်ထုတ်ခြင်း

ပြစ်မှုကျူးလွန်ခြင်းကို စုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်းနှင့်စပ်လျဉ်း၍ အချို့နိုင်ငံများတွင် အချိန်ကာလသတ်မှတ်ထားပါသည်။ သတ်မှတ်ထားသောအချိန်ကာလအတွင်း တရားခံကို စုံစမ်းဖော်ထုတ်နိုင်ခြင်းမရှိပါက အမှုပိတ်သိမ်းနိုင်သည့်ဥပဒေများပြဋ္ဌာန်းထားရာ အမှုပိတ်သိမ်းပြီးနောက် ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိပါကလည်း ပြစ်မှုကျူးလွန်သူသည် အရေးယူအပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပါသည်။

၁၉၉၉ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့ နေ့လည် ၁၂/၁နာရီခန့်က ဂျပန်နိုင်ငံ၊ နာဂိုယာ (Nagoya) ပြည်နယ်၊ နာရှီရပ်ကွက်(Nashi)တွင် နာမီကိုတဘာခ(Namiko Tabaka)အမည်ရှိ အမျိုးသမီးတစ်ဦးသည် ၎င်း၏တိုက်ခန်း၌ ၂နှစ်အရွယ်ရှိသားဖြစ်သူနှင့်အတူရှိနေစဉ် အသတ်ခံခဲ့ရသည့်အမှုတွင် နာမီကို၏သေဆုံးမှုသည် သဘာဝအတိုင်းသေဆုံးခြင်းမဟုတ်ကြောင်း ရဲတပ်ဖွဲ့က အတည်ပြုပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ အခင်းဖြစ်နေရာကိုစစ်ဆေးရာတွင် လူသတ်သမား၏လက်တွင်လည်း ဒဏ်ရာရရှိပြီး သွေးများကျန်ခဲ့ရာ ၎င်းသွေးအမျိုးအစားမှာ B သွေးဖြစ်ကြောင်း၊ အခင်းဖြစ်နေရာအနီးအနားတွင် လူသတ်သမား၏ခြေရာများလည်းတွေ့ရှိခဲ့ကာ ဖိနပ်အရွယ် 24 cm ခန့် ဖြစ်၍ အရပ်မှာ 160 cm ခန့်ဖြစ်ကြောင်း စသည့်အချက်များတွေ့ခဲ့ရသော်လည်း တရားခံကို စုံစမ်းဖော်ထုတ်နိုင်ခြင်းမရှိခဲ့ပါ။ နာမီကို၏ခင်ပွန်းဖြစ်သူ စတုတဘာခ(Satyu Tabaka)သည် စုံစမ်းဖော်ထုတ်မှုကို ရပ်တန့်မသွားစေရန် အခင်းဖြစ်အနီးတွင် စွန်းထင်းကျန်ခဲ့သောသွေးစက်များကို ဖယ်ရှားရှင်းလင်းခြင်းမပြုဘဲ အဆိုပါတိုက်ခန်းကို ၂၆ နှစ်တိုင်အောင် တိုက်ခန်းငှားရမ်းခပေး၍ ဆက်လက်ငှားရမ်းထားခဲ့ပါသည်။ ထို့ပြင် ၎င်း၏သားဖြစ်သူနှင့်အတူ လူသတ်မှုနှင့်ပတ်သက်သည့်လက်ကမ်းစာစောင်များပြုလုပ်ဖြန့်ဝေခြင်းများကို နှစ်စဉ် တစ်နှစ်တစ်ခါပြုလုပ်ခဲ့ကြသည်။

ထိုသို့ သွေးများသန့်ရှင်းမှုမပြုလုပ်ခဲ့ခြင်းကပင် ဆေးဘက်ဆိုင်ရာနည်းပညာများဖွံ့ဖြိုးတိုးတက်လာချိန်တွင် DNA စစ်ဆေးမှုနည်းပညာသစ်ဖြင့် စုံစမ်းစစ်ဆေးမှုထပ်မံပြုလုပ်ခဲ့ရာ နှစ်ပေါင်း ၂၆ နှစ်

အကြာ ၂၀၂၅ခုနှစ်တွင် လူသတ်သမားအမျိုးသမီးကို စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါသည်။ လူသတ်သမားအမျိုးသမီးသည် အခင်းဖြစ်ချိန်က အသက် ၄၃ နှစ်ဖြစ်ပြီး နာမီကိုတို့၏တိုက်ခန်းအနီးတွင် နေထိုင်သူဖြစ်ကာ ယခုအချိန်တွင် ၆၉ နှစ်ဖြစ်ကြောင်း သိရှိရပါသည်။ သတ်ရသည့်အကြောင်းအရင်းနှင့် အသေးစိတ်အချက်အလက်များကိုထုတ်ဖော်ခြင်းမရှိသေးဘဲ သတင်းစာရှင်းလင်းပွဲပြုလုပ်၍ ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ဂျပန်သတင်းဌာနများက ဖော်ပြထားပါသည်။ စတုတဘာခ (Satyu Tabaka)တို့သားအဖ၏အားထုတ်မှုကြောင့် အကျိုးသက်ရောက်မှုအဖြစ် ၂၀၁၀ ခုနှစ်၌ ဂျပန်အစိုးရက လူသတ်မှုများတွင် အချိန်ကာလကန့်သတ်ခြင်းဥပဒေကိုပယ်ဖျက်ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင် ပြစ်မှုကျူးလွန်ခြင်းကိုစုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ အချိန်ကာလကန့်သတ်ချက်ပြဋ္ဌာန်းထားခြင်းမရှိသဖြင့် ပြစ်မှုတစ်ခုသည် နှစ်ပေါင်းမည်မျှပင်ကြာမြင့်သည်ဖြစ်စေ ဆွေးသွားသည်၊ ပျက်ပြယ်ပျောက်ကွယ်သွားသည်၊ စုံစမ်းစစ်ဆေးမှု/တရားစွဲဆိုမှုကို ထာဝရပိတ်သိမ်းလိုက်သည်ဟူ၍ မရှိပေ။ တရားခံစုံစမ်းဖော်ထုတ်မရသည့်မှုခင်းများနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုရဲ့နေချုပ်နည်းဥပဒေများ၊ နည်းဥပဒေ ၉၅ တွင် စုံထောက်မရမှုအဖြစ် ဖော်ပြထားပြီး ထိုမှုခင်းများကို ပိတ်သိမ်းခွင့်သာပြုထားပါသည်။ အဆိုပါပြစ်မှုများနှင့်စပ်လျဉ်း၍ သဲလွန်စတစ်စုံတစ်ရာစုံစမ်းရရှိခြင်း၊ ပြစ်မှုကျူးလွန်သူအားဖမ်းဆီးရမိခြင်းတို့ပေါ်ပေါက်ပါက တရားစွဲဆိုအရေးယူ၍ ပြစ်မှုထင်ရှားစီရင်နိုင်မည်ဖြစ်ပါသည်။

မည်သည့်နိုင်ငံတွင်မဆို စုံစမ်းဖော်ထုတ်နိုင်မှုမရှိသည့်လူသတ်မှုများစွာရှိရာ ဆေးပညာနှင့် နည်းပညာများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ယခင်က စုံစမ်းဖော်ထုတ်ဖြေရှင်းနိုင်ခြင်းမရှိသည့် မှုခင်းများကိုဖော်ထုတ်ဖြေရှင်းနိုင်မည်ဖြစ်သဖြင့် မိသားစု၊ ရင်းနှီးချစ်ခင်သူများဆုံးရှုံးခဲ့ရသည့် ကျန်ရစ်သူမိသားစုမိတ်ဆွေများအတွက်လည်း အမှန်တရားဖော်ထုတ်နိုင်ရန် မျှော်လင့်ချက်တစ်ခုပင် ဖြစ်ကြောင်း သိရှိရပါသည်။

တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

- https://youtu.be/59bR90wsSxc?si=7KZ9tEOWWe7VTTPC
- https://www.facebook.com/profile.php?id=6155126445107

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၁ ) ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်

## အမေရိကန်နိုင်ငံတွင် ဖက်ဒရယ်တရားသူကြီးက ဖြည့်စွက်အာဟာရအကူအညီအစီအစဉ် အကျိုးခံစားခွင့်များရပ်ဆိုင်းခြင်းကို ပိတ်ပင်ပြီး အရန် ရန်ပုံငွေများကိုအသုံးပြုရန် အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနအပေါ် အမိန့်ချမှတ်ခြင်း

အမေရိကန်ပြည်ထောင်စု(ဖက်ဒရယ်)တရားသူကြီးတစ်ဦးသည် အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် အစားအသောက်ဆိုင်ရာအကျိုးခံစားခွင့်များ ဆက်လက်ထောက်ပံ့ရန်အတွက် ယခင်ကခွဲဝေချထားပေးခဲ့သော အရေးပေါ်ရန်ပုံငွေများကိုအသုံးပြုရမည်ဟု ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင်ဆုံးဖြတ်ခဲ့ပြီး နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ ပြည်သူ ၄၁သန်းအား ငွေကြေးထောက်ပံ့မှု ရပ်ဆိုင်းမည်ဟူသော စိုက်ပျိုးရေးဝန်ကြီးဌာန၏အစီအစဉ်ကို ပိတ်ပင်ခဲ့သည်။

မက်ဆာချူးဆက်ခရိုင်ရှိ အမေရိကန်ခရိုင်တရားရုံးမှ တရားသူကြီးအင်ဒီရာတာလ်ဝါနီသည် ၂၀၂၆ ခုနှစ် စက်တင်ဘာလအထိထောက်ပံ့ငွေရရှိနိုင်စေရန် ကွန်ကရက်လွှတ်တော်က ၂၀၂၄ ခုနှစ်တွင် ခွဲဝေချထားပေးခဲ့သောအရန် ရန်ပုံငွေအမေရိကန်ဒေါ်လာ ၆ ဘီလီယံကိုရယူ၍မရနိုင်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက ပြည်ထောင်စု(ဖက်ဒရယ်)ဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုကောက်ယူခဲ့ခြင်းသည် “လွဲမှား” ကြောင်းတွေ့ရှိခဲ့သည်။

အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနသည် အောက်တိုဘာလ ၁ ရက်နေ့မှစတင်မည့် ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အမေရိကန်ကွန်ကရက်လွှတ်တော်က ရန်ပုံငွေအသစ်ခွဲဝေချထားခြင်းမပြုခဲ့ဟုဆိုကာ နိုဝင်ဘာလအတွက်ပေးရမည့် ဖြည့်စွက်အာဟာရအကူအညီအစီအစဉ်အကျိုးခံစားခွင့်အားလုံးကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

တာလ်ဝါနီက ဖြည့်စွက်အာဟာရအကူအညီအစီအစဉ်အကျိုးခံစားခွင့်များထောက်ပံ့ရန်အတွက် အရေးပေါ်ရန်ပုံငွေကိုအသုံးပြုရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စု(ဖက်ဒရယ်)ဥပဒေတွင် ရန်ပုံငွေမလုံလောက်ပါက လျှော့ချရန်ဟုပြဋ္ဌာန်းထားပြီး အစီအစဉ်တစ်ခုလုံးကို ရပ်ဆိုင်းရမည်ဟု ပြဋ္ဌာန်းထားခြင်းမဟုတ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

၎င်းက စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် နိုဝင်ဘာလအတွက် အနည်းဆုံး အကျိုးခံစားခွင့် ပမာဏလျှော့ချ၍ ထောက်ပံ့ပေးမည်၊ မပေးမည်ကို နိုဝင်ဘာလ ၃ ရက်နေ့အမီ ပြန်လည်တင်ပြရမည်ဟု အမိန့်ချမှတ်ခဲ့သည်။ မာဆာချူးဆက်နှင့် အစီအစဉ်ရပ်ဆိုင်းမှုကိုမလိုလားသည့် အခြားပြည်နယ်များက အထောက်အပံ့ရပ်ဆိုင်းခြင်းကြောင့် ပြည်နယ်အစိုးရဌာနများ၏ဘဏ္ဍာရေးနှင့် လုပ်ငန်းလည်ပတ်မှုကို ထိခိုက်စေမည်ဟု ကန့်ကွက်ခဲ့ကြသည်။

ယခုရပ်ဆိုင်းမှုသည် အစီအစဉ်၏နှစ်ပေါင်း ၆၀ သမိုင်းတွင်ပထမဆုံးအကြိမ်ဖြစ်သည်။ စိုက်ပျိုးရေးဝန်ကြီးဌာန၏အချက်အလက်များအရ ယင်းအထောက်အပံ့အကျိုးခံစားခွင့်ကို နိုင်ငံတစ်ဝန်းရှိ ပြည်သူ ၄၂ သန်းက ရရှိခံစားကြကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2025/10/federal-judge-blocks-snap-benefits-suspension-orders-usda-to-use-reserve-funds/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၁ ) ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်

## တရားမဝင်လက်နက်ကိုင်ဆောင်မှုများကြောင့် ကမ္ဘာတစ်ဝှမ်းတွင် မလုံခြုံမှုများပိုမိုဆိုးရွား လာနေခြင်းနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအရာရှိများက သတိပေးချက်ထုတ်ပြန်ခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကုလသမဂ္ဂလက်နက်လျှော့ချရေးဒုတိယဥက္ကဋ္ဌ Adedeji Ebo( Ebo) က ကုလသမဂ္ဂလုံခြုံရေးကောင်စီအပေါ် "ကမ္ဘာတစ်ဝှမ်းပေါ်ပေါက်နေသော အကြမ်းဖက်မှုများသည် နယ်စပ်ဖြတ်ကျော်၍ လက်နက်ငယ်များနှင့် Light Weapon များကို လွှဲပြောင်းသယ်ယူမှုများကြောင့်ဖြစ်ပေါ်လာခြင်းဖြစ်ပြီး အထူးသဖြင့် Haiti မှ Sahel ဒေသအထိ ယင်းအကြမ်းဖက်မှုများကြောင့် ပဋိပက္ခများ၊ အစီအစဉ်တကျကျူးလွန်သည့်ရာဇဝတ်မှုများနှင့် ဒုက္ခသည်များ ပိုမိုပေါ်ပေါက်ရခြင်းဖြစ်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့ပါသည်။

၎င်းက အဆိုပါလက်နက်များကို နယ်စပ်ဖြတ်ကျော် ထုတ်လုပ်ပြီး လွှဲပြောင်းပေးနေခြင်းသည် မတည်ငြိမ်မှုများကို ပိုမိုဆိုးရွားစေနိုင်၍ လုံခြုံရေးကောင်စီအနေဖြင့် လက်နက်ငယ်များကို ထိန်းချုပ်နိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးတည်ဆောက်မှုမဟာဗျူဟာ များနှင့် လက်နက်ငယ်များ၊ Light Weapon များကို တရားမဝင်ထုတ်လုပ်ခြင်းမှကာကွယ်ရန် ပိတ်ဆို့အရေးယူခြင်းများတွင် ပေါင်းစပ်ပါဝင် ဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့ပါသည်။ ထို့ပြင် ကုလသမဂ္ဂအတွင်းရှိ မူဝါဒဆိုင်ရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် အပါအဝင် အရေးပါသည့်အချက်များကိုလည်း အကြံပြုပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် လက်နက် များသည် စစ်ပွဲများ၊ လူသားချင်းဆိုင်ရာအကြပ်အတည်းများကို ပိုမိုဆိုးရွားစေပြီး ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများကိုထိခိုက်မှုရှိစေကြောင်း အလေးပေးပြောကြားခဲ့သည်။ မကြာသေးမီကဖြစ်ပွားခဲ့သည့်အကြမ်းဖက်မှုများသည် လုံခြုံရေးကောင်စီက အမိန့်ဖြင့်သတ်မှတ်ထားသော လက်နက်ရောင်းဝယ်မှုဆိုင်ရာ ပိတ်ပင်တားဆီးချက်များကိုချိုးဖောက်၍ လက်နက်မှောင်ခိုရောင်းဝယ် ခြင်းများကြောင့် အဓိကဖြစ်ပွားခဲ့သည်။

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၁ ) ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်


ဆူဒန်အစိုးရက ဖွဲ့စည်းထားသည့် Rapid Support Force (RSF) မှ ဆူဒန်မြို့ကို ရက်ပေါင်း ၅၀၀ ကျော် ဝိုင်းရံ၍ အပြည့်အဝထိန်းချုပ်ပြီးနောက် ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် ဆူဒန်နိုင်ငံ အယ်လ်ဖာရှာမြို့တွင် အကြမ်းဖက်မှုများ ပိုမိုမြင့်တက်လာခဲ့သည်။ ထိုအချိန်မှစ၍ နိုင်ငံတကာ ရာဇဝတ်ခုံရုံး(ICC) ရှေ့နေ၏ ကြောက်မက်ဖွယ်ကောင်းသော လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ သတိပေးထုတ်ပြန်ချက်နှင့်အတူ နိုင်ငံအများအပြားက အပစ်အခတ်ရပ်စဲရေးကို တောင်းဆိုခဲ့ကြသည်။ လက်နက်အသုံးပြုမှုများကိုရပ်စဲခြင်းအတွက် အာဖရိကသမဂ္ဂ၏အဆင့်မြင့်ကိုယ်စားလှယ် Mohamed Ibn Chambas က ဆူဒန်နိုင်ငံ၏ Darfur ဒေသတွင် ကြောက်မက်ဖွယ်ကောင်းသော အကြမ်းဖက်မှုနှင့် ဒုက္ခများဖြစ်ပေါ်စေရန်လက်နက်များကို အသုံးပြုကြသည့်အတွက် လက်နက်ငယ်များသည် နိုင်ငံတွင်းမတည်ငြိမ်မှုများကို ပိုမိုဖြစ်ပွားလာစေကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံရေးမတည်ငြိမ်မှုနှင့် အကြမ်းဖက်မှုများလျော့နည်းပပျောက်စေရေးအတွက် လက်နက်နှင့်ခဲယမ်းမီးကျောက်များ တရားမဝင်ထုတ်လုပ်၊ လွှဲပြောင်းခြင်းတို့ကို ထိန်းချုပ်ရာတွင် အကြမ်းဖက်မှုများတွင်အသုံးပြုသော သိမ်းဆည်းရမိသည့်လက်နက်များနှင့် ခဲယမ်းမီးကျောက်များ၏ စတင်ထုတ်လုပ်ရာနေရာနှင့် အရောင်းအဝယ်ပြုလုပ်သည့် ကွင်းဆက်များကို ဖော်ထုတ်ရန်မှာလည်း စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ရှိနေမည်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ<br>
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.jurist.org/news/2025/11/un-officials-issue-warning-on-deepening-insecurity-worldwide-through-illegal-firearms/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၁ )　　　　၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

